ကပြင်ရပ်ဝန်း

ISP On Point

ISP Series

အမှတ်-၂၁ • ဩဂုတ် ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

# လုပ်ငန်းစဉ်ဗျူဟာလိုအပ်နေသော မြန်မာ့အကျပ်အတည်းနှင့် စိနသံခင်းတမန်ခင်း

မြန်မာ့အကျပ်အတည်းမှ ထွက်မြောက်ရန်အတွက် မြန်မာလူထုလိုလားချက်နှင့်လည်း မကင်းကွာဘဲ၊ လက်တွေ့လည်းကျမည့် လုပ်ငန်းစဉ်ဗျူဟာ (process strategy) တရပ် မရှိမဖြစ် လိုအပ်နေပါသည်။ ထိုလစ်ဟာချက်ကို ဖြည့်ဆည်းရန် အားစိုက်ကြိုးစားလာသော တရုတ်နိုင်ငံ၏ လုပ်ငန်းစဉ် အလုပ် ဖြစ်၊ မဖြစ်ဆိုသည်မှာ မဟာဗျူဟာကျင်လည်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့အပေါ် မူတည်ပါသည်။



၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်သို့ ရောက်ရှိလာသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံကြစဉ်။

SAC Information Team

## ဖြစ်ရပ်အချက်အလက်

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိဟာ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်က နေပြည်တော်ကို လာရောက်ခဲ့ပြီး စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပြင် အရင် စစ်ခေါင်းဆောင်ဟောင်းဖြစ်တဲ့ ဦးသန်းရွှေနဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ တရုတ်အစိုးရဘက်က အဓိကဆွေးနွေးတဲ့အချက်တွေထဲမှာ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ‘တရုတ်နိုင်ငံသည် မြန်မာနိုင်ငံက မတည်မငြိမ်ဖြစ်မှုနှင့် စစ်ပွဲဖြစ်ပွားနေမှုကို ဆန့်ကျင်ပါကြောင်း၊ ပြည်ပအင်အားစုများက မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေခြင်းကို ဆန့်ကျင်ပါကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးကို သွေးခွဲလိုသည့်၊ တရုတ်နိုင်ငံကို အမည်ဖျက် အပုပ်ချသည့် မည်သည့်ပြောဆိုလုပ်ဆောင်မှုကိုမဆို ဆန့်ကျင်ပါကြောင်း’ ပြောဆိုပါတယ်။ မြန်မာ့အရေး ဖြေရှင်းရေးနဲ့ပတ်သက်လို့ ‘မြန်မာနိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက်တွင် ရှေ့လုပ်ငန်းစဉ်အသစ်ငါးရပ်ကို ဖော်ဆောင်၍ နိုင်ငံရေးပြန်လည်သင့်မြတ်မှု၊ ဒီမိုကရေစီ ▸

### မြန်မာ့အရေး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ ပြောခဲ့သော စည်းသုံးစည်း

| | |
|---|---|
| ၁ | ပြည်တွင်းမတည်ငြိမ်မှုနှင့် ပြည်တွင်းစစ်ဖြစ်ပွား၍ မရခြင်း |
| ၂ | အာဆီယံ၏ မိသားစုလမ်းကြောင်းမှ ကင်းကွာ၍ မရခြင်း |
| ၃ | ပြင်ပအင်အားစုများ ထင်သလိုစိမ့်ဝင်၍ ဝင်ရောက်စွက်ဖက်မှုကို ခွင့်မပြုခြင်း |

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်ကပြုလုပ်ခဲ့သော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် မြန်မာ့အရေးကို အကျယ်တဝင့် ပြောဆိုဆွေးနွေးခဲ့သည်။ ထို့အပြင် လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးများနှင့် မစ္စတာ ဝမ်ယိတို့အကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးရာတွင်လည်း လက်ရှိမြန်မာနိုင်ငံ၏အခြေအနေသည် စိတ်ပူပန်ရသဖြင့် မြန်မာ့အရေးကိစ္စတွင် ကျော်လွန်၍မရသော စည်းသုံးခုကို ခိုင်မာစွာထိန်းသိမ်းရမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အစည်းအဝေးအပြီး သတင်းထောက်များနှင့် တွေ့ဆုံချိန်တွင် မြန်မာနိုင်ငံတွင် တိုက်ပွဲများရပ်စဲ၍ တည်ငြိမ်မှုထိန်းသိမ်းရန်၊ ပြည်သူလူထု၏ ဘေးကင်းလုံခြုံမှုကို အာမခံရန်၊ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်ရန် ဘုံသဘောထားကို ဘက်အသီးသီးနှင့်အတူထုတ်ဖော်ရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်းလည်း မစ္စတာဝမ်ယိက ဆိုခဲ့သည်။ အာဆီယံတွင် မြန်မာနိုင်ငံ မပါ၍မဖြစ်ကြောင်း၊ အာဆီယံ၏ ‘ဘုံသဘောတူညီချက်ငါးရပ်’ ဖော်ဆောင်မှုကို ထောက်ခံအားပေးကြောင်းနှင့် အာဆီယံက ကြားဝင်စေ့စပ်သော အဓိကလမ်းကြောင်းအဖြစ် ‘အာဆီယံနည်းလမ်း’ဖြင့် မြန်မာနိုင်ငံအရေးကိစ္စ ‘အဆင်ပြေချောမွေ့စွာ ညှိနှိုင်းဖြေရှင်းခြင်း’ (soft landing) ဖော်ဆောင်ရန် ထောက်ခံကြောင်း စသည်တို့ကိုလည်း ပြောခဲ့ပါသည်။

**အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ပြန်လည်ဖော်ဆောင်မှုကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ကာ ရေရှည်တည်ငြိမ်အေးချမ်းသောလမ်းကြောင်း ရှာဖွေရေးကို အခိုင်အမာ ထောက်ခံအားပေးပါကြောင်း'** တိတိပပ ပြောဆိုခဲ့ပါတယ်။ အဲဒါအပြင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက်မှာ ပြုလုပ်ခဲ့တဲ့ ကိုးကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာလည်း မြန်မာနိုင်ငံရဲ့အခြေအနေဟာ စိတ်ပူပန်စရာဖြစ်တဲ့အတွက် မြန်မာ့အရေးကိစ္စမှာ ကျော်လွန်မရတဲ့ စည်းသုံးခုကို ခိုင်မာစွာ ထိန်းသိမ်းသွားရမယ်လို့လည်း နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဆိုပါတယ်။

## ကနဦးသုံးသပ်ချက်

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိရဲ့ မြန်မာနိုင်ငံခရီးစဉ်အပါအဝင် တရုတ်နိုင်ငံအနေနဲ့ မြန်မာ့အကျပ်အတည်း အဖြေရှာဖို့ ထိပ်တန်းခေါင်းဆောင်ပိုင်းအဆင့်ကပါ အရေးတကြီးအားစိုက်လုပ်လာရတဲ့ အကြောင်းရင်းသုံးရပ်ရှိတယ်လို့ သုံးသပ်ပါတယ်။ ပထမအချက်ကတော့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း (ရှမ်းမြောက်)က လားရှိုးနဲ့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တို့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ကိုးကန့်တပ်လက်အောက် ကျသွားတာဟာ တရုတ်နိုင်ငံအတွက် အရေးတကြီးတွန်းအား ဖြစ်စေခဲ့ပုံရပါတယ်။ ရှမ်းမြောက်ဒေသက စစ်ပွဲတွေဟာ တရုတ်အစိုးရအတွက် နယ်စပ်တည်ငြိမ်ရေးသာမက တရုတ်နိုင်ငံရဲ့စီးပွားရေး၊ မြန်မာနိုင်ငံကတဆင့်ခံတဲ့ မဟာဗျူဟာကျကုန်သွယ်ရေးနဲ့ စီမံကိန်းတွေကို ရိုက်ခတ်မှုရှိပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇'အလွန်မှာ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတန်ဖိုးရဲ့ ၉၁ ရာခိုင်နှုန်းကို တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေက ထိန်းချုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတာတွေနဲ့ အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေတဲ့ စီမံကိန်းကြီးတွေရဲ့ စုစုပေါင်းတန်ဖိုးထဲက ၅၃ ရာခိုင်နှုန်းကျော်ဟာလည်း EAOs တွေရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်သွားပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာလည်း တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားတဲ့ တကောင်းနီကယ်စက်ရုံ၊ အယ်လ်ဖာ (Alpha) ဘိလပ်မြေစက်ရုံနဲ့ ဆင်းရွှေလီ-၂ သကြားစက်ရုံ စတာတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဦးဆောင်တဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDFs) တွေက ထိန်းချုပ်ခဲ့ပါတယ်။ ဒါ့အပြင် တရုတ်အစိုးရက အထိခိုက်မခံစေချင်ခဲ့တဲ့ တရုတ်-မြန်မာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်စခန်းတွေရှိရာ မြို့တွေကိုပါ PDFs တွေက ဝင်တိုက်တာ၊ စစ်ကောင်စီတပ်တွေနဲ့ အပြန်အလှန် တိုက်ပွဲတွေဖြစ်နေတာနဲ့ မြန်မာပြည်တွင်းမှာရှိတဲ့ တရုတ်နိုင်ငံသားတွေရဲ့ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ဖို့ စတာတွေကလည်း တရုတ်နိုင်ငံအတွက် လောလောဆယ် စိတ်ပူစရာတွေ ဖြစ်ခဲ့ပုံရပါတယ်။

# ■ ရှမ်းမြောက်နှင့်ဆက်စပ်ဒေသများ၌ ထိန်းချုပ်ခံထားရသော တရုတ်စီမံကိန်း ၁၀ ခုရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် ဆက်စပ်နေသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၉ ခုရှိသည့်အနက် **၁၀ ခု**ကို (၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်အထိ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များနှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDFs) များက အပြည့်အဝထိန်းချုပ်ထားသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) တို့အပါအဝင် မူဆယ်-မန္တလေးရထားလမ်းနှင့် ကုန်သွယ်ရေးလမ်းကြောင်းများကိုလည်း EAOs များက တစိတ်တပိုင်း ထိန်းချုပ်ထားသည်။




● EAOs များနှင့် PDFs များက ထိန်းချုပ်ထားသော တရုတ်စီမံကိန်း ၁၀ ခု

| စဉ် | စီမံကိန်း | တန်ဖိုး (အမေရိကန်ဒေါ်လာ) |
|---|---|---|
| ၁ | မူဆယ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်* | ၈ သန်း |
| ၂ | ကွမ်းလုံဆည်* | ၁,၄၀၀ သန်း |
| ၃ | ကွမ်းလုံတံတား | ၁၉.၆ သန်း |
| ၄ | ချင်းရွှေဟော် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်* | ၄ သန်း |
| ၅ | နောင်ဖဆည်* | မသိရ |
| ၆ | လန်ချန်း-မဲခေါင် သဘာဝဘေးကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံနှင့် စင်တာ | မသိရ |
| ၇ | ဂုတ်ထိပ်တံတားနှင့် လမ်းသစ်စီမံကိန်း* | ၁၀၀ သန်း |
| ၈ | ဆင်းရွှေလီ-၂ သကြားစက်ရုံ | မသိရ |
| ၉ | အယ်လ်ဖာ (Alpha) ဘိလပ်မြေစက်ရုံ | မသိရ |
| ၁၀ | တကောင်းနီကယ်စက်ရုံ | ၈၅၅ သန်း |

● SAC ထိန်းချုပ်ထားသောမြို့များ
● MNDAA သိမ်းယူထားသောမြို့များ
● TNLA သိမ်းယူထားသောမြို့များ
○ PDFs များ သိမ်းယူထားသောမြို့များ
▲ EAOs များ အပြည့်အဝထိန်းချုပ်ထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း
▲ EAOs များနှင့် PDFs များ သိမ်းယူထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစက်ရုံများ
— သဘာဝဓာတ်ငွေ့ပိုက်လိုင်း
— ရေနံပိုက်လိုင်း
— ရထားလမ်းများ
— ကားလမ်းများ

မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

* မြေပြင်တွင် အကောင်အထည် မဖော်ရသေးသော စီမံကိန်းများဖြစ်သည်။

## ■ ရခိုင်ပြည်နယ်ရှိ တရုတ်စီမံကိန်း ကိုးခုကို AA က တစိတ်တပိုင်းထိန်းချုပ်ထား

ရခိုင်ပြည်နယ်တွင် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း စုစုပေါင်း **၁၁ ခု**ရှိသည့်အနက် **ကိုးခု**ကို (၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်အထိ) အာရက္ခတပ်တော် (AA) က တစိတ်တပိုင်းထိန်းချုပ်ထားသည်။ ထိုအထဲတွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအပါအဝင် ကုန်သွယ်ရေးလမ်းကြောင်းများ ပါဝင်သည်။ ထို့အပြင် ကျောက်ဖြူ-နေပြည်တော် ကားလမ်းစီမံကိန်းနှင့် သံတွဲ လေအားလျှပ်စစ် စီမံကိန်းတို့ကိုလည်း AA က တစိတ်တပိုင်းထိန်းချုပ်ထားပါသည်။




● AA က တစိတ်တပိုင်း ထိန်းချုပ်ထားသော တရုတ်စီမံကိန်း ကိုးခု

| စဉ် | စီမံကိန်း | တန်ဖိုး (အမေရိကန်ဒေါ်လာ) |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့ပိုက်လိုင်း | ၁,၀၉၀ သန်း |
| ၂ | ကျောက်ဖြူ-အမ်း ရထားလမ်း* | မသိရ |
| ၃ | မန္တလေး-ကျောက်ဖြူ ရထားလမ်း* | ၁၁,၀၀၀ သန်း |
| ၄ | မန္တလေး-ကျောက်ဖြူ ကားလမ်း* | မသိရ |
| ၅ | ရေနံပိုက်လိုင်း | ၁,၅၀၀ သန်း |
| ၆ | ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်* | ၉,၆၀၀ သန်း |
| ၇ | ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံးစွမ်းအင်စီမံကိန်း | ၁၈၀ သန်း |
| ၈ | ကျောက်ဖြူ-နေပြည်တော် ကားလမ်း* | မသိရ |
| ၉ | သံတွဲ လေအားလျှပ်စစ်စီမံကိန်း* | မသိရ |

● SAC ထိန်းချုပ်ထားသောမြို့များ
● AA သိမ်းယူထားသောမြို့များ
▲ AA တစိတ်တပိုင်းထိန်းချုပ်ထားသော တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ
— သဘာဝဓာတ်ငွေ့ပိုက်လိုင်း
— ရေနံပိုက်လိုင်း
— ရထားလမ်းများ
— ကားလမ်းများ

မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှုအကန့်အသတ်များကြောင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

* မြေပြင်တွင် အကောင်အထည် မဖော်ရသေးသော စီမံကိန်းများဖြစ်သည်။

# ■ တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းနှင့် ဂိတ် ခြောက်ခုကို EAOs များ ထိန်းချုပ်ထား

မြန်မာ-တရုတ်နယ်စပ်ရှိ တရားဝင်ကုန်သွယ်ရေးစခန်းနှင့် ဂိတ် ရှစ်ခုအနက် **ခြောက်ခု**ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) များက ထိန်းချုပ်ထားသည်။ သုံးနှစ်ကျော်အတွင်း (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ၂၀၂၄ ခုနှစ် ဇွန်လအထိ) ထိုခြောက်ခု၏ ကုန်သွယ်မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ကိုးဘီလီယံထက်မနည်း**ရှိသည်။ တရုတ်ပျမ်းမျှကုန်သွယ်မှုတန်ဖိုးအနေဖြင့် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) ထိန်းချုပ်ထားသော မူဆယ်စခန်းက **အမေရိကန်ဒေါ်လာ ခြောက်သန်းခွဲဝန်းကျင်**နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ထိန်းချုပ်ထားသော ချင်းရွှေဟော်စခန်းက **အမေရိကန်ဒေါ်လာ တသန်း**ကျော်ရှိသည်။




• မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်း၊ ဂိတ်များ၏ တရုတ်ပျမ်းမျှကုန်သွယ်မှုတန်ဖိုး

| စဉ် | စခန်းနှင့် ဂိတ်များ | တရုတ်ပျမ်းမျှကုန်သွယ်မှု (အမေရိကန်ဒေါ်လာ) | မှတ်ချက် |
|---|---|---|---|
| ၁ | ကန်ပိုက်တီစခန်း | ၀.၄ သန်း | SAC ထိန်းချုပ် |
| ၂ | လွယ်ဂျယ်စခန်း | ၀.၃၅ သန်း | KIA ထိန်းချုပ် |
| ၃ | နမ့်ခမ်းဂိတ် | မသိရ | TNLA ထိန်းချုပ် |
| ၄ | မူဆယ်စခန်း | ၆.၅ သန်း | 3BHA ထိန်းချုပ် |
| ၅ | မုန်းကိုးဂိတ် | မသိရ | MNDAA ထိန်းချုပ် |
| ၆ | ရန်လုံကျိုင်းဂိတ် (လောက်ကိုင်) | မသိရ | MNDAA ထိန်းချုပ် |
| ၇ | ချင်းရွှေဟော်စခန်း | ၁ သန်း | MNDAA ထိန်းချုပ် |
| ၈ | ကျိုင်းတုံစခန်း | ၀.၁ သန်း | SAC ထိန်းချုပ် |

- ● မြို့များ
- ● EAOs များ သိမ်းယူထားသောမြို့များ
- SAC ထိန်းချုပ်ထားသောလမ်းပိုင်း
- KIA ထိန်းချုပ်ထားသောလမ်းပိုင်း
- 3BHA ထိန်းချုပ်ထားသောလမ်းပိုင်း
- TNLA ထိန်းချုပ်ထားသောလမ်းပိုင်း
- NDAA-ESS ထိန်းချုပ်ထားသောလမ်းပိုင်း
- SAC တစိတ်တပိုင်းထိန်းချုပ်ထားသောလမ်းပိုင်း
- TNLA တစိတ်တပိုင်းထိန်းချုပ်ထားသောလမ်းပိုင်း
- EAOs များ ထိန်းချုပ်ရာဒေသ
- EAOs များ တစိတ်တပိုင်းထိန်းချုပ်ရာဒေသ
- EAOs များ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသောဒေသ

မှတ်ချက် - ISP-Myanmar က စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။ မူဆယ်စခန်းအောက်ရှိ ကျင်စန်းကျော့နှင့် ကြူကုတ်(ပန်ဆိုင်း)ဂိတ်တို့ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က ထိန်းချုပ်ထားပြီး မန့်ဝိန်းဂိတ်ကို စစ်ကောင်စီ (SAC) က ထိန်းချုပ်ထားသည်။ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA)က ထိန်းချုပ်ထားသည်။ 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း နယ်စပ်ထိန်းချုပ်မှုအခြေအနေများကို ဖော်ပြထားခြင်းဖြစ်သည်။

ဒုတိယအကြောင်းရင်းကတော့ 'စစ်ဆင်ရေး ၁၀၂၇' ပထမပိုင်းကို အနှားသတ်ဖို့အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတည်းကစလို့ တရုတ်နိုင်ငံဟာ ဟိုင်ဂင်ဆွေးနွေးမှုတွေကနေတဆင့် ဖျန်ဖြေရေးကို ကြိုးပမ်းခဲ့တာ မအောင်မြင်မှုကြောင့်လို့ ရှုမြင်နိုင်ပါတယ်။ နယ်စပ်ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးတွေအပေါ်အခြေခံပြီး မြောက်ပိုင်းမဟာမိတ်ညီနောင်သုံးဖွဲ့ (3BHA) နဲ့ စစ်ကောင်စီကြား အပစ်အခတ်ရပ်စဲရေးနဲ့ ပဋိပက္ခလျှော့ချရေးတွေကို ဟိုင်ဂင်ဆွေးနွေးဖျန်ဖြေမှုကတဆင့် တရုတ်အစိုးရက ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ စစ်ကောင်စီဘက်ကရော ညီနောင်သုံးဖွဲ့ဘက်ကပါ စိတ်ပါဝင်စားမှုမရှိလို့ ဟိုင်ဂင်လုပ်ငန်းစဉ် ထိရောက်မှုမရှိတော့ဘူးလို့ တရုတ်အစိုးရက ကောက်ချက်ချခဲ့ပုံပါပဲ။ ဒါကြောင့် ရှမ်းမြောက်ဒေသကို အကန့်အသတ်ထားတဲ့ ဟိုင်ဂင်ဖြစ်စဉ်နဲ့တင် ဆက်မျှောမနေဘဲ တတိုင်းပြည်လုံးအတွက်ပါ ချိတ်ဆက်ပြီး အရေးတကြီးအဖြေရှာဖို့ တရုတ်အစိုးရဘက်က ပိုတွန်းလာပုံရပါတယ်။

တတိယအကြောင်းက မြန်မာ့အကျပ်အတည်းဖြေရှင်းရာမှာ လုပ်ငန်းစဉ်ဗျူဟာ (process strategy) လိုအပ်နေတာမှန်ပေမဲ့ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ပဋိပက္ခဖြေရှင်းရေးအတွက် ဦးစီးဦးဆောင်ပြုမှုမရှိဘဲ လေဟာနယ်ဖြစ်နေချိန်မှာ တရုတ်နိုင်ငံက **'ဆင်သွားရင်လမ်းဖြစ်'**လက်ဦးမှုရှိရှိ အချိန်ကိုက် နေရာယူလမ်းထွင်တာပဲ ဖြစ်ပါတယ်။ ပြည်တွင်းမှာ စစ်ကောင်စီရဲ့ နိုင်ငံရေးလမ်းပြမြေပုံက လူထုလက်မခံ၊ ယုံကြည်ထိုက်စရာမရှိ၊ ပိုနေမြဲကျားနေမြဲအထိုင်မှာပဲ ဖြစ်နေပါတယ်။ တော်လှန်ရေးအင်အားစုတွေမှာလည်း စစ်ကိုသာ အလှည့်ပေးရမယ်၊ စစ်ရေးအောင်ပွဲကသာ အဆုံးအဖြတ်ပေးမယ်ဆိုတဲ့ခံယူချက်တွေ အားကောင်းနေဆဲဖြစ်ပြီး စစ်ရေးအောင်ပွဲကို နိုင်ငံရေးအရနိဂုံးချုပ်ဖို့၊ နိုင်ငံရေးအဖြေနဲ့ ဆက်စပ်ဖို့၊ ဒါ့အပြင် အဓိကအင်အားစုတွေအကြား ပဋိပက္ခအလွန် အစီအမံမျိုး (post-conflict blueprint) ရှိမနေပါဘူး။ ဒီအတွက် အင်အားစု ဘက်အသီးသီးအကြား နိုင်ငံရေးအရ ယုံကြည်မှု၊ ဖြေရှင်းနိုင်စွမ်းနဲ့ တာဝန်ခံဝံ့တဲ့ ခေါင်းဆောင်မှုကိုမတွေ့ရဘူးဆိုတဲ့ အမြင်တွေလည်း ရှိနေပါတယ်။ ဒါကြောင့် ပဋိပက္ခဖြေရှင်းရေး ရှုထောင့်အရကြည့်ရင် မြန်မာ့အရေးမှာ နိုင်ငံတကာ (အိမ်နီးချင်းတွေကစလို့ အာဆီယံလို ဒေသတွင်းအဖွဲ့တွေအလယ် ကုလသမဂ္ဂအဆုံး) ပါဝင်ဖျန်ဖြေညှိနှိုင်းပေးမှုတွေက မရှိမဖြစ်လိုအပ်နေဆဲဖြစ်ပါတယ်။

ဒါပေမဲ့ နိုင်ငံတကာမျက်နှာစာမှာ ကြည့်ပြန်တော့လည်း မြန်မာ့မူဝါဒကို ဦးဆောင်ကိုင်တွယ်နေတဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပန်ပရီဗဟိဒ္ဒနူကာရာ (Parnpree Bahiddha-Nukara) နုတ်ထွက်တာ၊ နိုင်ငံတွင်း နိုင်ငံရေးအပြောင်းအလဲတွေ လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတာတွေကြောင့် ထိုင်းနိုင်ငံအနေနဲ့ရော မြန်မာ့အရေးမှာ ထိုင်းနိုင်ငံကို အလေးဂရုပြုနေတဲ့ အလှည့်ကျ

အာဆီယံဥက္ကဋ္ဌ လာအိုနိုင်ငံအနေနဲ့ပါ အာဆီယံလုပ်ငန်းစဉ်တရပ်ကို အသက်မသွင်းနိုင်တာ အထင်အရှား မြင်နေရပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာစစ်ကောင်စီနဲ့ တွေ့ဆုံမှုတွေရှိနေတယ် ဆိုသော်ငြားလည်း ဆက်သွယ်ပြောဆိုမှုအဆင့်မှာသာ ရှိနေပြီး အရှိန်ရနေတဲ့ လုပ်ငန်းစဉ်တရပ်အဖြစ် ပုံပေါ်သေးပုံမရပါဘူး။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အသစ်အနေနဲ့ကလည်း အခုမှ နိုင်ငံတကာနဲ့ ညှိနှိုင်းနေတဲ့အဆင့်မှာပဲမို့ ကုလသမဂ္ဂရဲ့လုပ်ငန်းစဉ် ပေါ်ထွက်လာတာမရှိသေးပါဘူး။ ဒီလေဟာနယ်မှာ တရုတ်နိုင်ငံက လုပ်ငန်းစဉ်မဟာဗျူဟာတရပ်ကို တွန်းတွန်းတိုက်တိုက် ထုတ်ဖော်လာတာဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိရဲ့ နေပြည်တော်ခရီးစဉ်နဲ့ စစ်ခေါင်းဆောင် အသစ်၊ အဟောင်းတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးမှုတွေဟာ ဒီလုပ်ငန်းစဉ်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မဟာဗျူဟာမှာ ဟိုင်ဂင်ဆွေးနွေးပွဲတွေလို ရှမ်းမြောက်ဆိုတဲ့ ဒေသအကန့်အသတ်၊ ညီနောင်သုံးဖွဲ့နဲ့ စစ်ကောင်စီဆိုတဲ့ အဖွဲ့အစည်းအကန့်အသတ်နဲ့ အပစ်ရပ်စဲရေးဆိုတဲ့ အကြောင်းကိစ္စရေးရာ အကန့်အသတ်တွေကိုကျော်လွန်ပြီး တတိုင်းပြည်လုံးအတွက်ပါအကျုံးဝင်တဲ့ လမ်းကြောင်းမျိုးကို တရုတ်အစိုးရဘက်က ဆွေးနွေးလာတာ သတိပြုမိနိုင်ပါတယ်။

ဒီကာလပိုင်းတွေမှာလည်း တရုတ်နိုင်ငံအနေနဲ့ စစ်ကောင်စီနဲ့သာမက NUG နဲ့ မြန်မာနိုင်ငံတောင်ပိုင်းက EAOs တွေနဲ့ပါ ဆွေးနွေးမှုရှိခဲ့တာသိရပါတယ်။ ဒါကလည်း တရုတ်အစိုးရအနေနဲ့ မြန်မာ့အကျပ်အတည်းကို တစုံလုံး၊ အင်အားစုအားလုံးနဲ့ ထောင့်စုံဖြေရှင်းမှုရမယ်၊ ဒါမှသာ တရုတ်အကျိုးစီးပွားအပေါ် အာမခံချက်ရှိမယ်ဆိုတဲ့ စဉ်းစားချက်ပေါ် အခြေခံပုံရပါတယ်။ ဒီလိုမြားမြောင်ခြားနားလှတဲ့ ပဋိပက္ခဇာတ်ကောင်တွေကို ဘယ်အချိန်မှာ ဘယ်လိုကိုင်တွယ် တွန်းအားပေးမလဲ၊ ဘယ်အကြောင်းအရာ အကျိုးစီးပွားတွေကို အဆင့်လိုက်ဖြေရှင်းမလဲဆိုတာကတော့ သိမ်မွေ့တဲ့ မဟာဗျူဟာစိန်ခေါ်မှုပဲဖြစ်ပါတယ်။

ဒါပေမဲ့ တရုတ်အစိုးရရဲ့လုပ်ငန်းစဉ်ဟာ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲလမ်းကြောင်းနဲ့ ၂၀၀၈ အခြေခံဥပဒေဘောင်ထဲက **‘နိုင်ငံရေး ပြန်လည်သင့်မြတ်မှုနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်’**ကိုပဲ ထောက်ခံတာတွေ့ရပါတယ်။ ရွေးကောက်ပွဲ အမြန်ဆုံးလုပ်၊ အရပ်သားအစိုးရကို အာဏာပြန်လွှဲ၊ စီးပွားဖွံ့ဖြိုးရေးကို ဦးစားပေး၊ ငြိမ်းချမ်းရေးကို အချိန်ယူစိတ်ရှည် အကောင်အထည်ဖော်၊ အနောက်နိုင်ငံတွေရဲ့ အခန်းကဏ္ဍကိုကန့်သတ်ဆိုတဲ့ သဘောမျိုးပဲ ဖြစ်ပုံရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဒီလုပ်ငန်းစဉ်မှာ မြန်မာ့ဒီမိုကရေစီ

ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍကို ပေါင်းစပ်ဖော်ဆောင်ဖို့ တွန်းအားပေးလာဖွယ် ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပါဝင်မှုကို ရွေးကောက်ပွဲမတိုင်မီ ဖော်ဆောင်မှာလား၊ ရွေးကောက်ပွဲအလွန်ကာလမှ ဖော်ဆောင်မှာလားဆိုတာကလည်း အရေးပါတဲ့ မဟာဗျူဟာကိစ္စပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တည်ငြိမ်မှုပြန်ရရှိရေးနဲ့ တရုတ်နိုင်ငံရဲ့အကျိုးစီးပွားကို အာမခံနိုင်ဖို့အတွက် အဖြေရှာရာမှာ တရုတ်နိုင်ငံရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတရှီကျင့်ဖျင်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့ကအစ အမြင့်ဆုံးအဆင့် အားစိုက်ထုတ်မှုနဲ့ ကတိကဝတ်ထားမှုတွေလုပ်လာတာမို့ မျက်နှာအပျက်မခံနိုင်ဘဲ ရလဒ်ထွက်အောင်တွန်းဖို့ မဖြစ်မနေ ကြိုးစားမယ့်သဘောလို့ သုံးသပ်ရပါတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

တရုတ်အစိုးရရဲ့ ဖျန်ဖြေရေးအားထုတ်မှု ဒီထက် အရှိန်အဟုန်နဲ့ပုံပေါ်လာဖို့ကတော့ တရုတ်နိုင်ငံအနေနဲ့ သူ့ရဲ့လုပ်ငန်းစဉ်တွေကို စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ခံအောင် ဘယ်လိုနည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နိုင်မလဲဆိုတာက အခရာကျပါတယ်။ စစ်ကောင်စီနဲ့ သူ့ထောက်ခံသူတွေက တရုတ်ဆန့်ကျင်ရေးအရှိန် ဖန်တီးနေတာကို အသေအချာ လေ့လာစောင့်ကြည့်ဖို့ လိုပါလိမ့်မယ်။

ဒါ့အပြင် စစ်ရေးအရှိန်ရလာတဲ့ EAOs နဲ့ NUG/PDFs တွေကိုလည်း ပဋိပက္ခဖြေရှင်းရေးနဲ့ နိုင်ငံရေးအရ နိဂုံးချုပ်အဖြေရှာရေးလမ်းကြောင်းပေါ်တက်လာအောင် ဘယ်လိုလုပ်နိုင်မလဲဆိုတာ အဓိကကျတဲ့ စိန်ခေါ်မှုတွေပဲဖြစ်ပါတယ်။ တရုတ်အစိုးရကတွန်းတဲ့ လုပ်ငန်းစဉ်ဟာ အခုချိန်ထိ စစ်ကောင်စီရဲ့လမ်းပြမြေပုံကို ဦးတည်ထားတဲ့ လုပ်ငန်းစဉ်ဖြစ်နေတာ၊ အထူးသဖြင့် ၂၀၀၈ အခြေခံဥပဒေဘောင်ထဲက သွားရမယ်ဆိုတဲ့ကိစ္စက နွေဦးတော်လှန်ရေးဦးဆောင်သူတွေနဲ့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေအတွက် လက်ခံဖို့ ခက်ခဲစေနိုင်ပါတယ်။

တရုတ်နိုင်ငံဟာ ဒီလို တစုံလုံးအဆင့်အကျုံးဝင်တဲ့ မြန်မာ့အရေး ဖျန်ဖြေစေ့စပ်ရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံဆက်ဆံရေး (bilateral relations) ဘောင်ထဲကနေ ဖြေရှင်းဖို့ဆိုတာ တရားဝင်လက်ခံမှု (legitimacy) အရ အကန့်အသတ်ရှိနိုင်ပါတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနဲ့ ကုလသမဂ္ဂအဆင့်မှာပါ သူ့ရဲ့လုပ်ငန်းစဉ်ကို လက်ခံလာအောင် တရုတ်

နိုင်ငံက နည်းလမ်းရှာဖွေစည်းရုံးဖို့ ကြိုးစားဖွယ်ရှိပါတယ်။ ဒါကြောင့်လည်း ဩဂုတ် ၁၆ ရက်ကလုပ်ခဲ့တဲ့ လန်ချန်း-မဲခေါင် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ 'အာဆီယံ နည်းလမ်း'နဲ့ မြန်မာနိုင်ငံအရေးကိစ္စကို 'အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဖြေရှင်းခြင်း' (soft landing) နဲ့ ဖော်ဆောင်ဖို့ ထောက်ခံကြောင်း မစ္စတာဝမ်ယိကပြောခဲ့တာလို့ ယူဆရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ သူ့ရဲ့လုပ်ငန်းစဉ်ကို လက်ခံလာအောင် စည်းရုံးသလို၊ တဖက်ကလည်း သူမလိုလားတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်နိုင်ငံတွေ အဓိကကျတဲ့ နေရာက ဝင်ပါမလာနိုင်အောင်၊ သူ့ရဲ့လုပ်ငန်းစဉ်ကို အနှောင့်အယှက်မပြုနိုင်အောင် ဘယ်လိုလုပ်မလဲဆိုတာက စိတ်ဝင်တစားစောင့်ကြည့်စရာ ပထဝီနိုင်ငံရေး အချိန်အဆတခုပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့အကျပ်အတည်းကိုဖြေရှင်းမယ့် လုပ်ငန်းစဉ်ဗျူဟာမှန်သမျှဟာ မြန်မာပြည်သူလူထုရဲ့ ဆန္ဒနဲ့ ဝေးကွာမှုမရှိစေဖို့၊ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ပါဝင်ဖို့ဆိုတဲ့ မဟာဗျူဟာလိမ္မာမှုနဲ့ လိုအပ်လုံလောက်တဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေရှိမှသာ အောင်မြင်နိုင်မှာပါ။ ဒီအချက်နှစ်ချက်ပေါ်မူတည်ပြီးတော့ပဲ တရုတ်နိုင်ငံရဲ့ လုပ်ငန်းစဉ် အောင်မြင်မှု ရှိ၊ မရှိ အဖြေထွက်လာနိုင်တယ်ဆိုတဲ့ ဖြစ်တန်ခြေကို သုံးသပ်လို့ရပါတယ်။ ■

## မြန်မာ့အရေးအပေါ် တရုတ်နိုင်ငံ၏ ရပ်တည်ချက်များ

| | ၂၀၂၁ | ၂၀၂၂ | ၂၀၂၄ |
|---|---|---|---|
| ဖွဲ့စည်းပုံ အခြေခံဥပဒေ | ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် မတူကွဲပြားမှုများကို ဖြေရှင်းရန်။ | ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက်တွင် နိုင်ငံရေးပြန်လည်သင့်မြတ်ရေး တရုတ်နှင့် အာဆီယံ ပူးတွဲလုပ်ဆောင်ရန်။ မြန်မာနိုင်ငံရှိ အဖွဲ့အစည်း အသီးသီးက တည်ငြိမ် အေးချမ်းရေးကို အမြန်ဆုံး ဖော်ဆောင်ကြရန်။ | မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကို တရားဥပဒေနှင့်အညီ ဖော်ဆောင်ရန်။ စစ်ကောင်စီ၏ ‘ရှေ့လုပ်ငန်းစဉ် ငါးရပ်’ အသစ်နှင့် အာဆီယံ၏ ‘ဘုံသဘောတူညီချက်ငါးရပ်’ကို အပြန်အလှန်ဖော်ဆောင်ရန်။ |
| ဒီမိုကရေစီ အသွင်ကူးပြောင်းရေး နှင့် လူသားချင်း စာနာမှု | ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရန်။ သွေးထွက်သံယိုမှုနှင့် ပဋိပက္ခများ ထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်။ | မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ် ပြန်လည်စတင်ရန်။ | ဘက်အသီးသီးက မြန်မာနိုင်ငံကို လူသားချင်း စာနာမှုအကူအညီများ ပေးအပ်ရန်။ မြန်မာနိုင်ငံနှင့် လက်တွေ့ကျသော ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်။ ပဋိပက္ခများဖြစ်ပွားမှုကို တားဆီးရေး အကျိုးရှိသော လူမှုရေးနှင့် စီးပွားရေး အခြေအနေ ဖန်တီးပေးရန်။ |
| အာဆီယံ | မြန်မာ့အရေး ဖြေရှင်းရေးအတွက် အာဆီယံက ပြည်တွင်းရေး ဝင်မစွက်ဖက်ရေးမူကို ကိုင်စွဲကာ ‘အာဆီယံ နည်းလမ်း’ဖြင့် စေ့စပ် ညှိနှိုင်းခြင်းကို ထောက်ခံပြီး တရုတ်နိုင်ငံအနေနှင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်သွားရန်။ | မြန်မာ့အရေး ဖြေရှင်းရေးအတွက် အာဆီယံအနေနှင့် ‘အာဆီယံနည်းလမ်း’ကို ကိုင်စွဲ၍ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှု မရှိရေးမူဖြင့် ဘုံသဘောတူညီချက်ငါးရပ်ကို အကောင်အထည်ဖော်ရန်။ | အာဆီယံပုံစံဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို ဖြေရှင်းရန်နှင့် ဒေသတွင်း ပြင်ပအင်အားစုများ၏ နှောင့်ယှက်ခြင်းကြောင့် ပဋိပက္ခပိုမိုဆိုးရွားလာမှုကို သတိပြုရန်။ |

မှတ်ချက် - မြန်မာ့အရေး တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ပြောကြားချက်များမှ ထုတ်နုတ်ထားခြင်းဖြစ်သည်။

## 'စစ်ဆင်ရေး ၁၀၂၇'အပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှု

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက်အထိ)

| | |
|---|---|
| ၂၀၂၃၊ အောက်တိုဘာ ၂၇ | နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ပဋိပက္ခအရှိန်မမြင့်စေရေး တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စမော်နင် တိုက်တွန်း။ |
| ၂၀၂၃၊ အောက်တိုဘာ ၂၈ | နယ်စပ်ဒေသလုံခြုံရေးအတွက် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယူရှားနှင့် စစ်ကောင်စီကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့ ဘေဂျင်းမြို့၌ တွေ့ဆုံ။ |
| ၂၀၂၃၊ အောက်တိုဘာ ၃၀ | နယ်စပ်ဒေသလုံခြုံရေးအတွက် တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီး မစ္စတာဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ နေပြည်တော်၌ တွေ့ဆုံ။ |
| ၂၀၂၃၊ အောက်တိုဘာ ၃၁ | ရှမ်းမြောက်ဒေသလုံခြုံရေးနှင့် ကျားဖြန့်နှိမ်နင်းရေး မစ္စတာဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နေပြည်တော်၌ တွေ့ဆုံ။ |
| | နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးပူးပေါင်းရန် မစ္စတာဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးမြင့်ကြိုင်တို့ တွေ့ဆုံ။ |
| | နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာဝမ်ဝိန်းပင်း တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၂ | ရှမ်းမြောက်ပဋိပက္ခနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံး ချက်ချင်းအပစ်ရပ်ကြရန်၊ မတူကွဲပြားမှုများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းရန် မစ္စတာဝမ်ဝိန်းပင်း တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၃-၅ | သဘောထားကွဲလွဲမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေမူဘောင်အတွင်းမှ တွေ့ဆုံဆွေးနွေးရန်၊ နယ်စပ်တည်ငြိမ်မှုထိန်းသိမ်းရန်နှင့် တရုတ်နိုင်ငံသားများ၊ အဖွဲ့အစည်းများနှင့် စီမံကိန်းများ၏လုံခြုံမှုကို အာမခံပေးရန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာနွန်ရှွန်တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၁၀ | နှစ်နိုင်ငံစီမံကိန်းများနှင့် စီးပွားရေးလုပ်ငန်းများအပါအဝင် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးကို အာမခံပေးရန်နှင့် ပဋိပက္ခနှင့်သက်ဆိုင်သူအားလုံး ချက်ချင်းအပစ်ရပ်ကြရန် မစ္စတာဝမ်ဝိန်းပင်း တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၁၄ | ရှမ်းမြောက်ဒေသတွင် အမြန်ဆုံးအပစ်ရပ်စဲကာ အခြေအနေပိုမိုပြင်းထန်လာခြင်းအား ရှောင်ကြဉ်ရန်၊ ဆွေးနွေးညှိနှိုင်းမှုဖြင့် ဖြေရှင်းရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို မြန်မာဘက်က အာမခံပေးရန် မစ္စမော်နင် တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၁၆ | ဆွေးနွေးညှိနှိုင်းခြင်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ နယ်စပ်ဒေသတည်ငြိမ်ရေးကို မြန်မာဘက်မှအာမခံပေးရန် မစ္စမော်နင် တိုက်တွန်း။ |
| ၂၀၂၃၊ နိုဝင်ဘာ ၁၇ | နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းလုပ်ဆောင်သွားမည်ဟု မစ္စမော်နင် ပြောဆို။ |
| ၂၀၂၃၊ နိုဝင်ဘာ ၂၅-၂၇ | တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေး အကြောင်းပြချက်ဖြင့် တရုတ်-မြန်မာနယ်စပ် ဝမ်တိန်မြို့တွင် သုံးရက်တာ စစ်ရေးလေ့ကျင့်။ |

**၂၀၂၃၊ နိုဝင်ဘာ ၂၉**
မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို အစဉ်လေးစားကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကိုထိခိုက်ရန် ရည်ရွယ်သည့် မည်သည့်ကြိုးပမ်းမှုမဆို အောင်မြင်မည်မဟုတ်ကြောင်း မစ္စတာဝမ်ဝိန်းပင်း ပြောဆို။

**၂၀၂၃၊ ဒီဇင်ဘာ ၇**
ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အောက်မှတဆင့် နိုင်ငံရေးအသွင်ကူးပြောင်းရန် တရုတ်နိုင်ငံကလိုလားကြောင်းနှင့် ပြည်တွင်းရေး ဝင်မစွက်ဖက်မှုဝါဒကို ကျင့်သုံးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် ဘေဂျင်းမြို့၌တွေ့ဆုံစဉ် ပြောကြား။

**၂၀၂၃၊ ဒီဇင်ဘာ ၇-၉**
တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ခဲ့သည့် ဟိုင်ဂင်ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင်ပြုလုပ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ အထိ အပစ်အခတ်ရပ်စဲရန်ဆုံးဖြတ်။

**၂၀၂၃၊ ဒီဇင်ဘာ ၁၄**
ဟိုင်ဂင်သဘောတူညီချက်သည် ပါဝင်ဘက်အသီးသီး၏ အကျိုးစီးပွားနှင့် ကိုက်ညီသည့်အပြင် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်ကြောင်း မစ္စမော်နင် ပြောဆို။

**၂၀၂၃၊ ဒီဇင်ဘာ ၁၅**
ကူမင်းတွေ့ဆုံမှုရလဒ်နှင့်ပတ်သက်၍ ဘေဂျင်းအခြေစိုက် အာဆီယံသံအမတ်များအား တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ရှင်းလင်းတင်ပြ။

**၂၀၂၃၊ ဒီဇင်ဘာ ၁၉-၂၁**
ဟိုင်ဂင်သဘောတူညီချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ရန် ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားရန်နှင့် တရုတ်စီမံကိန်းများနှင့် တရုတ်နိုင်ငံသားများ၏ လုံခြုံရေးကို အကာအကွယ်ပေးရန် မစ္စတာဝမ်ဝိန်းပင်း ပြောဆို။

**၂၀၂၃၊ ဒီဇင်ဘာ ၂၂-၂၄**
ဒုတိယအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ ပြုလုပ်။ တပ်နေရာချထားရေးနှင့် နယ်စပ်ဂိတ်များ ပြန်ဖွင့်ရေးအတွက် အဓိကဆွေးနွေးခဲ့သော်လည်း နှစ်ဖက်တောင်းဆိုချက်များအကြား ကွာဟချက်ကြီးမားနေ၍ ရလဒ်မထွက်ခဲ့။

**၂၀၂၃၊ ဒီဇင်ဘာ ၂၈**
တရုတ်နိုင်ငံသားများအားလုံး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန်နှင့် တရုတ်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ကြရန် မစ္စမော်နင် တိုက်တွန်း။

**၂၀၂၃၊ ဒီဇင်ဘာ ၂၉**
မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုသာ ထောက်ခံပြီး မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမျှ ထောက်ခံခြင်းမရှိကြောင်းနှင့် တရုတ်နိုင်ငံသားများနှင့် တရုတ်စီမံကိန်းများ၏ အသက်အိုးအိမ်စည်းစိမ်ကို အာမခံပေးရန် မစ္စမော်နင် ပြောဆို။

**၂၀၂၄၊ ဇန်နဝါရီ ၄**
ယူနန်ပြည်နယ်အတွင်းသို့ လက်နက်ကြီးကျည်ကျရောက်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်းနှင့် တရုတ်နိုင်ငံသားများ၏လုံခြုံရေးကို ကာကွယ်ပေးရန်၊ အရေးယူပေးရန် တောင်းဆို။

**၂၀၂၄၊ ဇန်နဝါရီ ၅**
နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန်နှင့် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တွေ့ဆုံ။

**၂၀၂၄၊ ဇန်နဝါရီ ၁၀-၁၁**
တတိယအကြိမ် ဟိုင်ဂင်ဆွေးနွေးပွဲ ပြုလုပ်။ အပစ်အခတ်ရပ်စဲပြီး ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရေး သဘောတူညီချက်ရရှိ။

**၂၀၂၄၊ ဇန်နဝါရီ ၁၂**
စစ်တပ်နှင့် မြောက်ပိုင်းညီနောင်မဟာမိတ်တပ်ဖွဲ့များ ယာယီအပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် အဆုံးတိုင်အောင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း မစ္စမော်နင် ပြောဆို။

**၂၀၂၄၊ မတ် ၁-၃**

လေးကြိမ်မြောက် ဟိုင်ဂင်ဆွေးနွေးပွဲ ပြုလုပ်။ အချက်ခုနစ်ချက်ကို ဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီကထုတ်ပြန်ခဲ့သော်လည်း ဆွေးနွေးပွဲပါ အချက်အလက်များကို တရားဝင် ထုတ်ပြန်ခြင်းမရှိ။ (နယ်မြေပိုင်းခြားမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသော်လည်း စစ်ကောင်စီက မလိုက်လျောခဲ့။)

**၂၀၂၄၊ ဧပြီ ၁၆-၁၇**

နယ်စပ်ဒေသတိုက်ပွဲများ ရပ်တန့်ရန်၊ အခြေအနေတင်းမာမှုများ ရှောင်ရှားရန်နှင့် ပြဿနာများကို ဥပဒေဘောင်အတွင်းမှ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းကို တရုတ်နိုင်ငံက ထောက်ခံကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာလင်ကျန်း ပြောကြား။

**၂၀၂၄၊ မေ ၁၄-၁၆**

ငါးကြိမ်မြောက် ဟိုင်ဂင်ဆွေးနွေးပွဲ ပြုလုပ်။ ဆွေးနွေးပွဲနှင့်ပတ်သက်သော တိကျသည့် ကြေညာချက်မရှိပါ။ (၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ခြောက်မြောက် ဟိုင်ဂင်ဆွေးနွေးပွဲပြုလုပ်ရန် တရုတ်နိုင်ငံဘက်က လိုလားသော်လည်း မဖြစ်မြောက်ခဲ့။)

**၂၀၂၄၊ မေ ၁၆**

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တတ်နိုင်သမျှ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း မစ္စတာဝမ်ဝိန်းပင်း ပြောဆို။

**၂၀၂၄၊ ဇွန် ၂၆**

ဟိုင်ဂင်သဘောတူညီချက် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အရှိန်အဟုန်ကိုထိန်းသိမ်းခြင်းသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအရသာမက တရုတ်-မြန်မာ နယ်စပ်ငြိမ်းချမ်းရေးအတွက်ပါ ကိုက်ညီသည်ဟု ယုံကြည်ကြောင်း မစ္စမော်နင် ပြောကြား။

**၂၀၂၄၊ ဇူလိုင် ၂၅**

သက်ဆိုင်ရာလက်နက်ကိုင်တပ်ဖွဲ့အသီးသီးအနေနှင့် ပဋိပက္ခများကို တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာရန်နှင့် ပဋိပက္ခအရှိန်မြင့်လာမှုကိုရှောင်ကြဉ်ရန် မစ္စမော်နင် ပြောဆို။

**၂၀၂၄၊ ဩဂုတ် ၁၄**

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နေပြည်တော်တွင်တွေ့ဆုံ။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ရင်ကြားစေ့ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည် ဖော်ဆောင်ရန်၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများကို အရှိန်မြှင့်ရန်၊ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလည်ပတ်မှုကို ချောမွေ့အောင်ဆောင်ရွက်ရန် မစ္စတာဝမ်ယိ ပြောဆို။

**၂၀၂၄၊ ဩဂုတ် ၁၆**

မြန်မာ့အရေးကိစ္စတွင် ကျော်လွန်မရသည့် စည်းသုံးခုနှင့် အကြံပြုချက်သုံးခုကို ချင်းမိုင်မြို့၌ တရုတ်-လာအို-မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောတွေ့ဆုံရာတွင် မစ္စတာဝမ်ယိ ပြောဆို။

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

## ISP Series

ISP Telegram

ISP YouTube

ISP LinkedIn

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.